# အပြန်အလှန်အခြေအတင်ဆွေးနွေးခြင်း

## Debate

ယခုတလော ဒီမိုကရေစီအင်အားစုများ၏ email group များ၊ news group များတွင် နိုင်ငံရေးသုံးသပ်ဆွေးနွေးမှုများကို အပြန်အလှန် ပြုလုပ်နေကြသည်ကို ဖတ်ရှုရသည်။ ထိရောက်ပြောင်မြောက်လှသည့် လေ့လာမှု၊ သုံးသပ်မှု၊ ဝေဖန်မှုများဖြင့် အပြန်အလှန် ရေးသားကြသည်။ ပြောကြသည်၊ အနာဂတ် မြန်မာ့ဒီမိုကရက်တစ်လူ့ဘောင်အတွက် ကောင်းကျိုးဖြစ်ထွန်း အထောက်အကူပြုမည့် အလေ့အကျင့်များဖြစ်သောကြောင့် လွန်စွာမှပင် အားရမိသည်၊ အားတက်မိသည်။

အချို့သောသူများသည် အပြန်အလှန် လေးစားမှုများဖြင့် တူညီသောအမြင်များကို ထောက်ခံဆွေးနွေးကြသည်၊ မတူညီသောအမြင်များကို ကွဲပြားသည့်သုံးသပ်မှုများဖြင့် ဆွေးနွေးကြသည်၊ လိုအပ်ချက် အားနည်းချက်များကို ဖွင့်ဟ ထောက်ပြကြသည်၊ အချို့ကလည်း စိတ်မရှည်သည့်သဘောဖြင့်သော်၎င်း၊ လက်တွေ့မဖြစ်နိုင်သည့် အခြေအနေ၊ လက်တွေ့ကြုံဆုံခဲ့ရသည့် အခြေအနေများကို ရောင်ပြန်ဟပ်ကာ ဟောဟောဒိုင်းဒိုင်း ရေးသားကြသည်၊ အချို့က အားနည်းချက်များကို ထောက်ပြပြီး မည်သို့သော လုပ်နည်းလုပ်ဟန်ဖြင့် ကျော်လွှားကာ တိုးတက်မှုရစေမည် ဆိုသည်ကို တင်ပြကြသည်။

အကြောင်းအရာ အဖြစ်အပျက်တခုကို နည်းပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ အပြန်အလှန်ဆွေးနွေးကြသည်။ ကောင်းမွန်လှသည့် အပြန်အလှန်အခြေအတင်ဆွေးနွေးမှု debate ဖြစ်သည်။ အပြုသဘောဖြင့် ဝင်ရောက်ဆွေးနွေးကြခြင်းဖြစ်သည်။ မိမိ၏သဘောထားများကို လွတ်လပ်စွာထုတ်ဖော်ကြသည်။ ထိုသို့ပြုသရာတွင် စည်းကမ်းရှိကြသည်၊ ကျင့်ဝတ်သိကြသည်၊ လေးစားမှုပေးကြသည်၊ ရည်မှန်းချက်တူသူများအကြား လက်တွဲဖော် လက်တွဲဖက်စိတ် ထားကြသည်၊ အတုယူစရာ ကောင်းလှသည့် အလေ့အကျင့်နှင့် စိတ်ဓာတ် ဖြစ်သည်။

လွတ်လပ်မှု ဆိတ်သုဉ်းကာ မကောင်းသည့် လူမှုပတ်ဝန်းကျင်ကို ဖြစ်ပွားစေသည့် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် လွတ်လပ်ကာ တရားမျှတသော ဒီမိုကရက်တစ် လူ့ဘောင်ထူထောင်ရေးအတွက် ကြိုးပမ်းနေကြသူများအကြား ယခုကဲ့သို့သော အလေ့အကျင့်များ လုပ်ယူရန် လိုအပ်သည်။

စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကဲ့သို့ ချက်ခြင်းလက်ငင်း ရုပ်လုံးပေါ် အကောင်အထည်မြင်ရမည် မဟုတ်ပေ၊ ထိုအချက်ကို သိရှိထားပြီး စစ်အာဏာရှင်စနစ် ဖယ်ရှားရေးနှင့်အတူ ဒီမိုကရက်တစ် လူမှုအသိုင်းအဝိုင်းနှင့် လိုက်ဖက်ညီသော စိတ်ဓာတ်ပိုင်းဆိုင်ရာ အလေ့အကျင့်များကို တွဲဘက်လုပ်ဆောင်ရန် လိုအပ်ပေသည်။

အချို့သောသူများသည် မိမိနှင့်အခြားသူများအကြား ရပ်တည်ချက်နှင့် သဘောထားအမြင်များ ကွဲပြားခြားနားသည့်အခါ ရန်သူသဖွယ် ရှုမြင်တတ်ကြသည်။ ဆန့်ကျင်ဘက်များသဖွယ် သဘောထားကြသည်။ တဦးနှင့်တဦးအကြား ချဉ်းကပ်ပုံ၊ ရှုမြင်သုံးသပ်ပုံ ကွဲပြားခြားနားကြသည်မှာ ဖြစ်ငွေ့ရှိသောအရာများဖြစ်သည်။ သတိပြုရန်လိုအပ်သောအချက်မှာ မိမိနှင့် သဘောထားကွဲလွဲသူသည် မိမိကဲ့သို့ ရည်ရွယ်ချက်တူ လှုပ်ရှားနေသူလော၊ မိမိနှင့်အသွင်မတူ ပြဒါးတလမ်း သံတလမ်း ဆန့်ကျင်ဘက်လမ်းလျှောက်နေသူလော ဆိုသည်ကို ရှင်းလင်းစွာ ပိုင်းဖြတ် ရှုမြင်နိုင်ရမည် ဖြစ်သည်။

ထို့ကြောင့် တလှေတည်းစီး တခရီးတည်းသွားနေကြသူများအကြား အပြုသဘောအမြင်၊ အကောင်းဘက်အမြင်မျိုးဖြင့် ဝေဖန်ပိုင်းခြား သုံးသပ်ဆွေးနွေးနိုင်ရန် လိုအပ်သည်၊ အပျက်သဘောမျိုးဖြင့် မကြည့်သင့်ပေ၊ အမြင်ကွဲပြား သဘောထားချင်း မတိုက်ဆိုင်တိုင်း ရန်သူသဘောမျိုးဖြင့် မမြင်သင့်ပေ၊ မိမိတို့အချင်းချင်းအကြား မည်ကဲ့သို့ အပေးအယူမျှစေရန် လုပ်ဆောင်မည်၊ မည်ကဲ့သို့ ညှိနှိုင်းလုပ်ဆောင်မည်၊ တဦး၏လိုအပ်ချက်ကို တဦးက ဖြည့်ပေးရင်း မည်သို့ ပိုင်းဝန်း ကြိုးပမ်းကြမည် ဆိုသည့် စိတ်ဓာတ်မျိုးထားရှိရန် လိုအပ်သည်။

အတွေ့အကြုံတခုကို ပြောပြလိုပါသည်။ တနေ့တွင် အတူလက်တွဲ လုပ်ရှားဘက်တဦးက ကျနော့်ထံ ဖုန်းဆက်လာသည်၊ လှုပ်ရှားမှုတခုအတွက် တိုကျိုရှိအင်အားစုများအကြား ဆွေးနွေးကြမည်ဟု ပြောသည်၊ လိုအပ်သည့် လှုပ်ရှားမှု၊ လုပ်ဆောင်သင့်သော လှုပ်ရှားမှုဖြစ်သဖြင့် မည်သို့စုပေါင်းလုပ်ဆောင်ကြမည်၊ တာဝန်များကို မည်သို့ ခွဲဝေယူကြမည် စသည့်ပုံစံမျိုး ဖြင့် ဆွေးနွေးရန် လိုအပ်ကြောင်း ကျနော်က ပြောသည်။ ဖုန်းဆက်သူက သူနှင့်အတူ ပါဝင်ဆွေးနွေးမည့်သူတဦးက ပြောသည့်စကားကိုလည်း ကျနော့်အား ပြောပြသည်။ အဆိုပါ ပါဝင်ဆွေးနွေးမည့်သူက "ဆွေးနွေးကြည့်မည်၊ ညှိလို့မရလျှင် ပြီးပြီ၊ နောက်နောင်မဆက်ဆံ၊ ပူးတွဲမလုပ်တော့" ဟု ဆိုသည့်သဘောမျိုးဖြင့် ပြောသည်ဟု ဆိုသည်။

ကျနော်က ဖုန်းဆက်လာသူအား ထိုသူ၏သဘောထားအမြင်နှင့် ချဉ်းသပ်ပုံသည် လွဲမှားနေကြောင်း ရှင်းပြလိုက်သည်။ ဆွေးနွေးကြမည့်သူများသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေကြသူများဖြစ်သည်၊ ထောက်ခံအားပေးသူများ မဟုတ်ပေ၊ ဒီမိုကရေစီအင်အားစုများကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်နေသူများနှင့် ဆွေးနွေးရေးစကားကို ဆိုနေသူက ရည်မှန်းချက်တူ လှုပ်ရှားနေသူများအကြား ကွဲလွဲမှုများကို အဘယ်ကြောင့် စိတ်ရှည်သည်းခံစွာဖြင့် ညှိနှိုင်းရန် မကြိုးစားနိုင်ရသနည်း။ဖြင့် ထောက်ပြပြောဆိုခဲ့သည်။

ဖိနှိပ်မှု၊ ချုပ်ချယ်မှု၊ ပိတ်ဆို့မှုနှင့် တဘက်သတ် ဝါဒဖြန့်မှုများကြောင့် မြန်မာပြည်သူပြည်သားများသည် လွတ်လပ်စွာ ပြောဆို ဝေဖန် ရေးသား ထုတ်ဖော်ခွင့်များ မရှိကြပေ။ ထို့ကြောင့် မြန်မာ့လူမှုအသိုင်းအဝိုင်းအတွင်း ဝေဖန်မှု၊ အပြန်အလှန် ဆွေးနွေးမှု၊ အခြေအတင် ပြောဆိုမှုများ ပြုလုပ်နိုင်သည့်အခြေအနေ မရှိပေ။ ထိုအခြေအနေအောက်တွင် မွေးဖွား ကြီးပြင်းလာခဲ့ကြသည့် ကျနော်တို့အတွက် အယူအဆ ကွဲပြားခြင်း၊ သဘောထား မတိုက်ဆိုင်ခြင်းများ ဖြစ်သည့်အခါ ဝေဖန်မှု၊ အပြန်အလှန်ဆွေးနွေးမှု၊ အခြေအတင် ငြင်းခုန်မှုများ ပြုရာတွင် အားနည်းမှုများရှိမည်မှာ အမှန်ပင်ဖြစ်သည်၊ သို့သော် ထိုကဲ့သို့ အမြဲ ဆင်ခြေပေးနေရန်မသင့်ပေ။

မိမိတို့ရောက်ရှိနေသောနိုင်ငံသည် မည်သို့သောနိုင်ငံဖြစ်သည်၊ မိမိတို့ မြင်တွေ့လိုသော အနာဂတ်မြန်မာနိုင်ငံ ပုံရိပ်သည် မည်သို့ဖြစ်သည်ကို သတိထားမည်ဆိုလျှင် အကြမ်းဖျင်းအားဖြင့် မည်သို့သော အခြေခံစိတ်ဓာတ်ထားရှိရန် လိုအပ်သည်၊ မည်သို့သောပြုမူကျင့်ကြံမှု၊ ပြောဆိုလှုပ်ရှားမှုမျိုး လိုအပ်သည်ကို သိလာနိုင်ပေသည်၊ ထိုအသိကို လက်တွေ့ အကောင်အထည်ဖော်ရန်မှာ လွယ်ကူသည့်အရာမဟုတ်ပေ၊ သို့သော် ကြိုးစားနေရမည်။

အကြောင်းအရာတရပ်ရပ်ကို ဝေဖန်သုံးသပ်သည့်အခါ အပြန်အလှန်လေးစားမှု၊ အသိအမှတ်ပြုမှု၊ စိတ်ရှည်လက်ရှည်ထားမှုဖြင့် debate လုပ်လျှင် မိမိတို့အချင်းချင်းအကြား နားလည်မှုများ ရရှိလာမည်ဖြစ်သည်၊ နားလည်မှုရရှိလာလျှင် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်နိုင်မည် ဖြစ်သည်၊ နီးကပ်သည့် လက်တွဲလုပ်ဆောင်မှုများက ထိရောက်သည့် အကျိုးသက်ရောက်မှုများကို ပေးနိုင်စွမ်းရှိသည်၊ ထိရောက်သည့် အကျိုးသက်ရောက်မှုများကို မြင်တွေ့လာရသော် အားတက်မှုများ ရှိလာမည် ဖြစ်သည်။

လွတ်လပ်သော ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းက အပြန်အလှန် အခြေအတင် ဆွေးနွေးမှုများကို အားပေးသည်၊ ထို့အတူ အပြန်အလှန် အခြေအတင် ဆွေးနွေးမှုများက ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုသည်၊ ထို့ကြောင့် အပြန်အလှန် အကျိုးပြုနေသည်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ အပြန်အလှန်အခြေအတင်ဆွေးနွေးမှုများသည် တဦးချင်းကြိုးပမ်းမှုများကို တိုးတက်ထိရောက်လာစေသည်၊ ကြိုးပမ်းမှုများ ထိရောက်လာခြင်းသည် မိမိတို့ရည်မှန်းသော အများအကျိုးအတွက်ဆိုသည့် လုပ်ဆောင်ချက်များ ထိရောက် အောင်မြင်စေရေးအတွက် အထောက်အပံ့ပေးမည်ဖြစ်ပေသည်။

ကျော်ကျော်စိုး (ဂျပန်)

ဩဂုတ် ၃၁ ၊ ၂၀၀၉ ခုနှစ်